# Module 5.1: Review of the Rule of Law Principles
# အစီအစဉ် (၅.၁) - တရားဥပဒေစိုးမိုးရေး မူဝါဒများ ပြန်လည် လေ့ကျင့်ခြင်း

**Purpose of Session:** To review the rule of law principles and link them to documentation.
**အစီအစဉ်၏ ရည်ရွယ်ချက်** - တရားဥပဒေစိုးမိုးရေး မူဝါဒများကို ပြန်လည် လေ့ကျင့်ပြီး မှတ်တမ်းတင်ခြင်း နှင့် ချိတ်ဆက်ခြင်းရန်

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session, participants will be able to:<br>• List the thirteen rule of law principles introduced in the first training session.<br>• Give an example of the rule of law principles.<br>• Link documentation to the rule of law principles. | ဤအစီအစဉ်မှ သင်တန်းသူ၊သားတို့သည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• ပထမပတ် သင်တန်း အစီအစဉ်တွင် မိတ်ဆက်ပေးခဲ့သော တရားဥပဒေစိုးမိုးရေး မူဝါဒ ၁၃ ချက်ကို စာရင်းပြုစုလာနိုင်မည်။<br>• တရားဥပဒေစိုးမိုးရေး မူဝါဒများအား ဥပမာတစ်ခု ပေးနိုင်မည်။<br>• တရားဥပဒေစိုးမိုးရေး မူဝါဒများကို မှတ်တမ်းတင်ခြင်းနှင့် ချိတ်ဆက်ပေးနိုင်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Communication<br>• Group collaboration<br>• Sharing knowledge<br>• Analysis | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြမည်။<br>• ဆက်ဆံပြောဆိုခြင်း<br>• အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်ခြင်း<br>• အသိပညာဗဟုသုတများ ဝေမျှခြင်း<br>• ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Game<br>• Brainstorming<br>• Small group discussion<br>• Case scenario | ဤအစီအစဉ်တွင်င်တန်းသူ၊သားများသည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြမည်။<br>• ဂိမ်း<br>• ကြိုတင်ကြံဆ တွေးတောခြင်း<br>• အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း<br>• ဖြစ်ရပ်မှန် ဇာတ်ညွှန်းများ |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေး မူများ

| Rule of Law Principles: | တရားဥပဒေစိုးမိုးရေး မူများ |
|---|---|
| • Supremacy of the Law<br>• Equality<br>• Accountability<br>• Procedural and legal transparency<br>• Fairness | • ဥပဒေသည် အထွဋ်အထိပ်ဖြစ်ခြင်း<br>• တန်းတူညီမျှမှုရှိခြင်း<br>• တာဝန်ခံမှုရှိခြင်း<br>• လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်း |

| | |
|---|---|
| • Separation of Powers<br>• Judicial Independence<br>• Legal certainty<br>• Non-arbitrariness<br>• Human Rights<br>• Non-discrimination<br>• Participation in decision-making<br>• Access to Justice | • တရားမျှတမှု<br>• အာဏာခွဲဝေခြင်း<br>• တရားစီရင်ရေးတွင် လွတ်လပ်မှုရှိခြင်း<br>• ဥပဒေရေးရာသေချာမှုရှိခြင်း<br>• ဘက်လိုက်မှု ကင်းမဲ့ခြင်း<br>• လူ့အခွင့်အရေးများ<br>• ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• ဆုံးဖြတ်ချက်ချရာတွင် အများပါဝင်နိုင်ခြင်း<br>• တရားမျှတမှု လက်လှမ်းမှီခြင်း |

## Preparation
## ပြင်ဆင်ပုံ

| **Materials:** | **သင်ထောက်ကူ ပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Whiteboard/flip chart and markers<br>• Plain white A4 paper or note paper for participants<br>• Pencils/paper for groups<br>• Name Tags<br>• Camera for photos<br>• Tape<br>• 13 Rule of Law Principles pre-written on flipchart paper<br>• The training rules from the first training session.<br>• One set of the Rule of Law Posters (small A4 size) | ဤအစီအစဉ်အတွက် သင်သည် အောက်ပါ အရာများကိုလိုအပ်ပါလိမ့်မည်။<br>• သင်ပုန်း၊ စာရွက်ဖြူကြီး နှင့် မာကာ<br>• A4 စာရွက် (သို့) မှတ်စုစာရွက် (သင်တန်းသူ/သားများအတွက်)<br>• ခဲတံများ၊ စာရွက်များ (အဖွဲ့လိုက် လုပ်ရှားမှုအတွက်)<br>• နာမည်ဆွဲကဒ်များ<br>• ကင်မရာ<br>• စာရွက်ဖြူကြီးပေါ်တွင် ရေးထားသော တရားဥပဒေစိုးမိုးရေး အခြေခံမှု ၁၃ချက်<br>• ပထမနေ့သင်တန်းမှသင်တန်းစည်းမျဉ်း စည်းကမ်းများ<br>• တရားဥပဒေစိုးမိုးရေး ပိုစတာတစုံ (A4 အရွယ်) |

| **Handouts:** | ဝေငှစာရွက်များ |
|---|---|
| In this session, participants will use:<br>• None | ဤအစီအစဉ်တွင်သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို အသုံးပြု ရပါလိမ့်မည်။<br>• မရှိပါ |

| **WELCOME AND OPEN SESSION** | **(10 mins)** |
|---|---|
| **ကြိုဆိုခြင်းနှင့် အဖွင့်အစီအစဉ်** | **(၁၀ မိနစ်)** |

**Instructions**
**ညွှန်ကြားချက်များ**

- Review the rules from the first training session. If you do not have the rules from the first training session, ask participants to help you re-create the list. Ask if there are any rules they would like to add.

- ပထမသင်တန်းအစီအစဉ်မှသင်တန်း စည်းကမ်းများကို ပြန်လည်ပြောပြပါ။ ထိုသင်တန်း အစီအစဉ်မှ စည်းကမ်းများ မပါခဲ့လျှင် သင်တန်းသူ၊သားများအား စည်းကမ်းစာရင်းကို ပြန်လည် ဖန်တီးစေပါ။ ထပ်မံ ထည့်သွင်းလိုသော စည်းကမ်းများ ရှိလားဟုလည်း မေးပါ။
- Discuss other announcements and concerns.
- အခြား ကြေငြာချက်များ နှင့် ကိစ္စများအား ဆွေးနွေးပါ။
- Remind participants that for each training module there is a purpose and set of outcomes which will be shared with them at the beginning of each session. This helps both the trainers and the participants ensure that the training module achieves its stated goal.
- သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းတွင် အသုံးပြုသည့် မော်ဂျူးတစ်ခုစီတွင် ရည်ရွယ်ချက် တစ်ခုစီ ရှိပြီး သင်ယူမှု ရလဒ်များအား ဆက်ရှင်တစ်ခုစီ၏ အစပိုင်းတွင် ဝေမျှမည့်အကြောင်းအား ပြောပြပါ။
- Review the purpose and outcomes for this module. (Outcomes should be pre-written on flipchart paper before the start of training.)
- အစီအစဉ်နှင့် သင်ခန်းစာရလဒ်များကို ပြောပြပေးပါ။ (ရလဒ်များကို သင်တန်းမစတင်မီ စာရွက်ဖြူကြီးပေါ် တွင် ကြိုတင်ရေးထားပါ။

| ACTIVITY 1: REVIEW OF THE RULE OF LAW PRINCIPLES | (25 mins) |
|---|---|
| လှုပ်ရှားမှု ၁ - တရားဥပဒေစိုးမိုးရေး မူဝါဒများအား ပြန်လည် လေ့ကျင့်ခြင်း | (၂၅ မိနစ်) |
| **Purpose of Activity:** This activity will refresh participant memory of the rule of law principles.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ဤလှုပ်ရှားမှုသည် သင်တန်းသူ၊သားများ၏ တရားဥပဒေစိုးမိုးရေး မူဝါဒများအား ပြန်လည် မှတ်မိစေလိမ့်မည်။<br><br>**Methodology:** Game<br>**သင်ကြားရေးနည်းစနစ်** - ဂိမ်း<br><br>**Materials:** a sheet of plain paper and pen or pencil for each participant<br>**သင်ထောက်ကူ ပစ္စည်းများ** - သင်တန်းသူ၊သားများ တယောက်ချင်းစီအတွက် စာရွက်လွတ်တရွက် နှင့် ဘောပင် (သို့) ခဲတံ<br><br>**Handout(s):** None<br>**ဝေငှစာရွက်များ** - မရှိ | |

**Instructions**

**ညွှန်ကြားချက်များ**

- Before beginning this activity make sure that the rule of law principles ARE NOT DISPLAYED ANYWHERE IN THE ROOM.
- လှုပ်ရှားမှု မစတင်မီအချိန်၌ တရားဥပဒေစိုးမိုးရေး မူဝါဒအား သင်တန်းခန်းမအတွင်းတွင် မထားပါနှင့်။
- Ask participants to form groups of no more than 3 persons.
- သင်တန်းသူ၊သားများအား တစ်ဖွဲ့တွင် ၃ ယောက်ထက် မပိုသော အဖွဲ့ငယ်များ ဖွဲ့စေပါ။
- Tell each group that they will need to have a piece of plain white paper and a pen for this activity.
- ဤလှုပ်ရှားမှုအတွက် အဖွဲ့တစ်ဖွဲ့စီသည် စာရွက်လွတ်တစ်ရွက်နှင့် ဘောပင်တစ်ချောင်း လိုအပ်မည် ဖြစ်ကြောင်း ပြောပါ။
- Tell participants that they are going to have a competition. The first group to complete the activity will be the winner.

- သင်တန်းသူ၊သားများအား ၎င်းတို့သည် ပြိုင်ရမည် ဖြစ်ကြောင်း ပြောပါ။ ဤလှုပ်ရှားတွင် ပထမဆုံး ပြီးဆုံးသည့် အဖွဲ့သည် အနိုင်ရသူ ဖြစ်ကြောင်း ပြောပါ။
- Remind participants that they learned about 13 rule of law principles in the first training session.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် ပထမသင်တန်းအစီအစဉ်၌ တရားဥပဒေ စိုးမိုးရေး မူဝါဒ (၁၃)ချက်အား လေ့လာခဲ့ပြီး ဖြစ်ကြောင်း ပြောပါ။
- Ask participants to work with their group and write down all 13 principles from memory. (No cheating by looking at notes or the internet.)
- သင်တန်းသူ၊သားများအား ၎င်းတို့၏ အုပ်စုတွင်း၌ ဆွေးနွေးပြီး တရားဥပဒေစိုးမိုးရေး မူဝါဒ (၁၃) ချက်အား ရေးစေပါ။ (မှတ်စု (သို့) အင်တာနက် ကြည့်၍ ဖြေဆိုခြင်းမပြုရပါ။)
- The first group to correctly write down all 13 will win.
- မူဝါဒ(၁၃)ချက်လုံး မှန်မှန်ကန်ကန် ချရေးပြီးသည့် အဖွဲ့က အနိုင်ရမည် ဖြစ်သည်။
- Announce "GO".
- "ဖြေလို့ရပြီ" ဟု ပြောပါ။
- As each group announces that they are finished, check their answers. Tell the other groups to continue working in case the first group does not have all the correct answers.
- အဖွဲ့တစ်ဖွဲ့စီမှ ရေးသားမှု ပြီးစီးပြီဟု ပြောလျှင် ၎င်းတို့၏ အဖြေများကို စစ်ဆေးပါ။ ပထမအဖွဲ့၏ အဖြေ အားလုံး မမှန်လျှင် အခြားအဖွဲ့များအား ဆက်လက် ဆွေးနွေးရေးသားရန် ပြောပါ။
- Allow 15 minutes for this activity. If there is no winner in 15 minutes, you may need to give clues.
- ဤလှုပ်ရှားမှုအတွက် ၁၅ မိနစ် ကြာမြင့်ပါမည်။ ၁၅ မိနစ်အတွင်း အနိုင်ရရှိသည့် အဖွဲ့ မရှိလျှင် သင်တန်းဆရာမှ သဲလွန်စများ ပေးရမည် ဖြစ်သည်။
- Remember to give the winner a round of applause.
- အနိုင်ရရှိသည့် အဖွဲ့အား လက်ခုပ်တီး၍ အားပေးပါ။

**Closing Activity**
**အပိတ်လှုပ်ရှားမှု**
To close this activity, display the 13 rule of law principles that are pre-written. Read each principle out loud.
အပိတ်လှုပ်ရှားမှုတွင် ကြိုတင်ရေးသားထားသော တရားဥပဒေစိုးမိုးရေး မူဝါဒများကို ပြသပါ။ တရားဥပဒေ စိုးမိုးရေး မူဝါဒတစ်ခုချင်းစီကို အသံကျယ်ကျယ် ဖတ်ပြပါ။
Ask participants these questions:

- Was it easy or difficult to remember the 13 principles?
- Which principles were easy to remember?
- Which principles were the hardest to remember?

သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများ မေးပါ။

- တရားဥပဒေစိုးမိုးရေး အခြေခံမူဝါဒ ၁၃ ချက်ကို မှတ်မိရန် လွယ်သလား၊ ခက်ပါသလား။
- မည်သည့် မူဝါဒများသည် မှတ်မိရန် လွယ်ကူပါသနည်း။
- မည်သည့် မူဝါဒများသည် မှတ်မိရန် ခက်ခဲပါသနည်း။

| **ACTIVITY 2: UNDERSTANDING THE RULE OF LAW PRINCIPLES** | **(25 mins)** |
|---|---|
| **လှုပ်ရှားမှု ၂ - တရားဥပဒေစိုးမိုးရေး မူဝါဒများကို နားလည် သဘောပေါက်စေခြင်း** | **(၂၅ မိနစ်)** |
| **Purpose of Activity:** To check participant understanding of the meaning of each rule of law principle.<br>**လှုပ်ရှားမှု၏ရည်ရွယ်ချက်** - သင်တန်းသူ၊ သားများ တရားဥပဒေစိုးမိုးရေး မူဝါဒ တခုချင်းစီ၏ အဓိပ္ပာယ်ကို နားလည် သဘောပေါက်မှုရှိမရှိအား စစ်ဆေးရန် | |

| |
|---|
| **Methodology:** Group discussion and presentation<br>**သင်ကြားရေးနည်းစနစ် -** အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တင်ပြခြင်း<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ -** မရှိ<br><br>**Handout(s):** One set of the Rule of Law Posters (A4 size)<br>ဝေငှစာရွက်(များ) – တရားဥပဒေစိုးမိုးရေး ပိုစတာများ တစုံ (A4 အရွယ်) |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to remain in their groups.
- သင်တန်းသူ၊သားများအား မိမိတို့၏ အဖွဲ့အတိုင်း ဆက်လက် နေစေပါ။
- Distribute the 13 rule of law posters evenly to groups. (Some groups may have more posters than other groups depending on the total number of participants).
- အဖွဲ့များကို တရားဥပဒေစိုးမိုးရေး (၁၃)ချက် ပိုစတာအား အညီအမျှ ဝေပေးပါ။ (သင်တန်းသူ၊သားများ၏ အရေအတွက် စုစုပေါင်းပေါ် မူတည်၍ အချို့အဖွဲ့များက အခြားအဖွဲ့များထက် ပိုစတာ ပိုမိုရရှိနိုင်ပါသည်။)
- Ask groups to discuss their principles and come up with an example that illustrates each poster. (10 minutes)
- ၎င်းတို့ ရရှိသော မူဝါဒများအား အဖွဲ့အတွင်း ဆွေးနွေးစေပြီး ပိုစတာတခုစီကို ဖော်ပြသော ဥပမာတခု ရရှိအောင်အထိ ဆွေးနွေးစေပါ။ (၁၀ မိနစ်)
- One person from each group will present the principles and state the examples. (10 minutes total presentation time)
- အဖွဲ့တစ်ဖွဲ့စီမှ သင်တန်းသူ၊သားတစ်ဦးအား မူဝါဒများနှင့် ဥပမာများကို တင်ပြစေပါ။ (စုစုပေါင်းတင်ပြချိန် ၁၀ မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following:
သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများ မေးပါ။

- Are there other examples of rule of law that anyone would like to share?
- တရားဥပဒေစိုးမိုးရေး ဆိုင်ရာ အခြားဥပမာများကို နောက်ထပ် မျှဝေပေးချင်သောသူ ရှိပါသလား။
- Do some of the principles overlap or cover the same areas?
- အချို့ မူဝါဒများသည် ထပ်နေပါသလား (သို့) နယ်ပယ်အတူတူကို ကာဗာဖြစ်နေပါသလား။
- Does anyone have questions about the meaning of the rule of law principles?
- တရားဥပဒေစိုးမိုးရေး မူဝါဒများ၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ မေးစရာ မေးခွန်းများ ရှိပါသလား။

| ACTIVITY 3: DOCUMENTATION AND THE RULE OF LAW | (25 mins) |
|---|---|
| လှုပ်ရှားမှု ၃ - မှတ်တမ်းတင်ခြင်း နှင့် တရားဥပဒေစိုးမိုးရေး | (၂၅ မိနစ်) |
| **Purpose of Activity:** To introduce the importance of documentation and the link with rule of law.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** မှတ်တမ်းတင်ခြင်း နှင့် တရားဥပဒေစိုးမိုးရေး ဆက်သွယ်ချက်၏ အရေးကြီးပုံကို မိတ်ဆက်ရန်။<br><br>**Methodology:** Small group discussion<br>**သင်ကြားရေးနည်းစနစ် -** အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း | |

| |
|---|
| **Materials:** Whiteboard, flipchart, markers<br>**သင်ထောက်ကူပစ္စည်း**များ - သင်ပုန်း၊ စာရွက်ဖြူကြီး၊ မာကာများ<br><br>**Handouts:** None<br>**စေ၀စာရွက်များ** - မရှိ |

**Instructions**
**ညွှန်ကြားချက်များ**

- Tell participants that the focus of this second training series is the use of community engagement for advocacy purposes. It is important when engaging in these activities to document them.
- သင်တန်းသူ၊သားများအား ဤဒုတိယအကြိမ် သင်တန်းသည် ဥပဒေဆိုင်ရာ ကိစ္စရပ်များကို အများပြည်သူသို့ အရေးဆို တင်ပြနိုင်ရေးအတွက် ရပ်ရွာ လူထုများ နှင့် ချိတ်ဆက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို အလေးပေး ဆွေးနွေး သွားမည် ဖြစ်သည်။
- Ask participants why is documentation important?
- မှတ်တမ်းတင်ခြင်းဟာ အဘယ့်ကြောင့် အရေးကြီးကြောင်းကို သင်တန်းသူ၊သားများအား မေးပါ။
- List a few responses on the whiteboard. (5 minutes) (Answers may include: reporting to donors, tracking our work, research for advocacy briefs, as evidence of the impact of our work).
- သင်ပုန်းပေါ်တွင် သင်တန်းသူ၊သားများ၏ ဖြေဆိုချက်အချို့ကို ရေးပါ။ (၅ မိနစ်) (ပါဝင်နိုင်သည့် အဖြေများ- အလှူရှင်များကို အစီရင်ခံခြင်း၊ ကျွန်ုပ်တို့ လုပ်ဆောင်နေသော အလုပ်များကို ခြေရာခံခြင်း၊ ဥပဒေရေးရာ အရေးဆို တင်ပြခြင်းဆိုင်ရာ ယုံကြည်မှုများအတွက် သုတေသန ပြုလုပ်ခြင်း၊ ကျွန်ုပ်တို့ လုပ်ဆောင်နေသော အလုပ်၏ အကျိုးသက်ရောက်မှုအား သက်သေပြခြင်း)
- Ask participants to discuss in pairs the types of documentation they currently do at their organizations and the reason that this documentation is required.
- သင်တန်းသူ၊သားများအား ၎င်းအဖွဲ့အစည်းတွင် လတ်တလော ပြုလုပ်နေသော မှတ်တမ်းတင်ခြင်း အမျိုးအစားများ နှင့် ဘာကြောင့် ထိုကဲ့သို့သော မှတ်တမ်းတင်ခြင်း လိုအပ်သည်ကို နှစ်ယောက်တတွဲ ဆွေးနွေးစေပါ။
- Ask each pair group to make a list. (10 mins)
- နှစ်ယောက်တတွဲ ဆွေးနွေးစေ၍ စာရင်းပြုစုစေပါ။ (၁၀ မိနစ်)
- Ask random pairs to name some of the types of documentation they do and what it is used for. (5 minutes)
- နှစ်ယောက်တတွဲ ဆွေးနွေးနေသော သင်တန်းသူ၊သားတချို့ကို မှတ်တမ်းတင်ခြင်း အမျိုးအစားများ နှင့် ဘာအတွက် အသုံးပြုသည်ကို မေးပါ။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants to link documentation to the rule of law principles.
သင်တန်းသူ၊သားများအား တရားဥပဒေစိုးမိုးရေး မူဝါဒများကို မှတ်တမ်းတင်ခြင်းနှင့် ချိတ်ဆက်စေပါ။

- What rule of law principles support documentation of community engagement and advocacy activities?
- မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများသည် ဥပဒေရေးရာ ကိစ္စရပ်များ အများပြည်သူသို့ အရေးဆို တင်ပြနိုင်ရေးအတွက် ရပ်ရွာလူထုများ နှင့် ချိတ်ဆက်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ မှတ်တမ်းတင်ခြင်းကို အထောက်အပံ့ပေးပါသနည်း။

**Note to facilitators**

**သင်တန်းနည်းပြအတွက် မှတ်စုများ**

Documentation is important for recording best practices, demonstrating impact, accounting for use of resources, and measuring progress toward goals (both for the organization and individual clients).

မှတ်တမ်းတင်ခြင်းသည် သင်ကြားရေး နည်းပညာများအား မှတ်တမ်းတင်ခြင်း၊ အကျိုးသက်ရောက်မှုများအား ဖော်ပြခြင်း၊ အရင်းအမြစ်များ အသုံးပြုမှုကို စာရင်းပြုစုထားခြင်း၊ ပန်းတိုင်ဆီ ရောက်ရှိမှု တိုးတက်လာပုံအား တိုင်းတာပေးနိုင်ခြင်း (အဖွဲ့အစည်းအတွက်ရော၊ တဦးတယောက်ချင်းစီ အတွက်ပါ) မှတ်တမ်းတင်ထားခြင်းကြောင့် မှတ်တမ်းတင်ခြင်းသည် အရေးကြီးပါသည်။

Documentation is linked to the following rule of law principles:

မှတ်တမ်းတင်ခြင်းကို အောက်ပါ တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ချိတ်ဆက်နိုင်ပါသည်။

- Human Rights-documentation allows organizations to ensure that a human rights based approach is being used. It allows the organization to review its work and also have evidence for donors, governments, and the public that human rights are being considered.
- လူ့အခွင့်အရေးအား မှတ်တမ်းတင်ခြင်းသည် အဖွဲ့အစည်းများအား လူ့အခွင့်အရေးအခြေပြု နည်းပညာများ အသုံးပြုနေသည်ကို ခွင့်ပြုပေးခြင်း ဖြစ်သည်။ ၎င်းသည် အဖွဲ့အစည်းများအား ၎င်းတို့၏ အလုပ်များကို ပြန်လည်လေ့လာရန်နှင့် အလှူရှင်များ၊ အစိုးရများ နှင့် အများပြည်သူများအတွက် လူ့အခွင့်အရေး ရရှိမှုအား ထည့်သွင်းစဉ်းစားပေးသည်ဟု သက်သေသဖွယ် ရှိနေပါသည်။
- Accountability-documentation is a best practice for organizations to demonstrate how funds, time, and human resources are being used. It is also evidence of an organization's good works to other organizations, government, and the public.
  တာဝန်ခံမှုအား မှတ်တမ်းတင်ခြင်းသည် အဖွဲ့အစည်းများအတွက် ၎င်းတို့၏ရန်ပုံငွေ၊ အချိန်နှင့် လူ့စွမ်းအားအရင်းအမြစ်များအား မည်သို့သုံးပြုနေသည်ကို ဖော်ပြရန်အတွက် ကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်သည်။ ထို့ပြင် အဖွဲ့အစည်းတစ်ခု၏ ကောင်းမွန်သောအလုပ်များအား အခြားအဖွဲ့အစည်းများ၊ အစိုးရနှင့် အများပြည်သူကို သက်သေအဖြစ် ပြသနေခြင်းလည်း ဖြစ်သည်။
- Transparency-documentation allows for organization's to be open about its processes and criteria.
- ပွင့်လင်းမြင်သာမှုအား မှတ်တမ်းတင်ခြင်းသည် အဖွဲ့အစည်းတစ်ခုမှ ၎င်း၏ လုပ်ငန်းစဉ် နှင့် စံသတ်မှတ်ချက်များကို ပွင့်လင်းစွာ ဖော်ပြထားနိုင်ရန် ခွင့်ပြုသည်။
- Non-discrimination-through documentation an organization can show that it provides services in a fair manner without discrimination
- ခွဲခြားဆက်ဆံမှု မရှိခြင်းအား မှတ်တမ်းတင်ခြင်းသည် အဖွဲ့အစည်းတစ်ခုမှ ခွဲခြားဆက်ဆံမှုမရှိဘဲ မျှတစွာဖြင့် ဝန်ဆောင်မှုများ ပေးသည်ကို ပြသနိုင်ခြင်း ဖြစ်သည်။
- Non-arbitrariness and fairness-documentation ensures that criteria and processes are followed when making decisions. By documenting how resources are used and decisions are made, organizations have evidence in the face of challenges to its internal processes.
- ဘက်လိုက်မှုမရှိခြင်းနှင့် မျှတမှုရှိခြင်းအား မှတ်တမ်းတင်ခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် စံသတ်မှတ်ချက်များ နှင့် လုပ်ငန်းစဉ်များကို လိုက်နာခြင်း ဖြစ်ကြောင်း သေချာစေခြင်း ဖြစ်သည်။ အရင်းအမြစ်များအား မည်သို့ အသုံးပြုသည် နှင့် ဆုံးဖြတ်ချက် များအား မည်သို့ ချမှတ်သည်ကို မှတ်တမ်းတင်ခြင်းသည် အဖွဲ့အစည်းများအား ၎င်းတို့၏ အဖွဲ့အစည်းအတွင်းရှိ လုပ်ငန်းစဉ်များသည် စိန်ခေါ်ချက်များနှင့် ရင်ဆိုင်ရသည်ကို သက်သေပြပေးနိုင်သည်။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Ask each participant to take out a blank sheet of paper and write down at least one rule of law principle that they understand better as a result of this session.
သင်တန်းသူ၊သားများအား စာရွက်လွတ်တစ်ရွက်စီ ယူစေပြီး ဤအစီအစဉ်မှ ၎င်းတို့ သေချာနားလည်ခဲ့သော တရားဥပဒေစိုးမိုးရေ မူဝါဒ အနည်းဆုံး တစ်ခုကို ချရေးစေပါ။
Collect participants' papers for review after this training.
ဤသင်တန်းပြီးဆုံးပြီးနောက် ပြန်လည် လေ့လာနိုင်ရန်အတွက် စာရွက်များကို သိမ်းထားပါ။

# Module 5.2: Community Engagement I
# အစီအစဉ် (၅.၂) - လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ သဘောတရား (၁)

**Purpose of Session:** To introduce the concept of community engagement as a tool to raise awareness about SGBV, explore different methods to use for SGBV, and evaluate one example.

**အစီအစဉ်၏ ရည်ရွယ်ချက်** - လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုအကြောင်း အသိပညာအားမြှင့်တင်ရာတွင် နည်းပညာတစ်ခုအဖြစ် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ သဘောတရားအား မိတ်ဆက်ပေးရန်၊ SGBV ကိစ္စရပ်များတွင် အသုံးပြုရန် နည်းလမ်းအမျိုးမျိုးကို ရှာဖွေလေ့လာဖော်ထုတ်ရန် နှင့် ဥပမာတစ်ခုအား အကဲဖြတ်ဆန်းစစ်ရန် ရည်ရွယ်သည်။

**Outcomes, Skills and Methodologies**
**ရလဒ်များ၊ ကျွမ်းကျင်မှုများ နှင့် သင်ကြားရေး နည်းစနစ်များ**

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this workshop, participants will be able to:<br>• Define the community<br>• Explain what community engagement is.<br>• Identify different methods of community engagement.<br>• Evaluate the success of a method.<br>• Understand the different levels of levels of community engagement and their effectiveness. | ဤအစီအစဉ်မှ ရလဒ်အနေဖြင့် သင်တန်းသူ၊သားတို့သည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်မည်။<br>• လူမှုအဖွဲ့အစည်း၏ အဓိပ္ပါယ်ကို ဖွင့်ဆိုတတ်မည်။<br>• လူထုပူးပေါင်းပါဝင်ဆောင်ရွက်လာရေး(လူမှုအဖွဲ့ အ အစည်းနှင့် ချိတ်ဆက်ခြင်း) ကို ရှင်းပြနိုင်မည်<br>• လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းပညာ/နည်းလမ်း အမျိုးမျိုးကို ဖော်ထုတ်လာနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းပညာ/ နည်းလမ်းတစ်ခု၏ အောင်မြင်မှုအား အကဲဖြတ်ဆန်းစစ် တတ်လာမည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအဆင့်လယ်ဗယ် အမျိုးမျိုးနှင့် ၎င်းတို့၏ကောင်းကျိုးများကို နားလည်လာလိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Problem Solving<br>• Presentation<br>• Oral Advocacy<br>• Communication<br>• Collaboration<br>• Negotiation<br>• Needs Analysis | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ ကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြမည်။<br>• ပြဿနာဖြေရှင်းခြင်း<br>• တင်ပြခြင်း<br>• နှုတ်အားဖြင့်အရေးဆို တင်ပြခြင်း<br>• ပြောဆိုဆက်ဆံခြင်း<br>• ပူးပေါင်းဆောင်ရွက်ခြင်း<br>• ညှိနှိုင်းတတ်ခြင်း<br>• လိုအပ်ချက်များကို ဆန်းစစ်တတ်ခြင်း |

| Methodologies: | သင်ကြားရေး နည်းစနစ် |
|---|---|
| In this session participants will practice the following training methodologies: | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြ မည်။ |

| | |
|---|---|
| • Group discussion<br>• Think-pair-share<br>• Case scenario | • အဖွဲ့လိုက်ဆွေးနွေးခြင်း<br>• စဉ်းစားပါ-နှစ်ယောက်တတွဲဆွေးနွေးပါ-မျှဝေပါ<br>• အမှုဇာတ်လမ်း |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေးအခြေခံမှုများ

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Equality<br>• Participatory decision making<br>• Accountability | အောက်ပါဥပဒေများသည် ဤအစီအစဉ်နှင့် စပ်ဆိုင်သော ဥပဒေများ ဖြစ်သည်။<br>• တန်းတူညီမျှ ရှိခြင်း<br>• ဆုံးဖြတ်ချက်ချရာတွင် ပါဝင်မှု ရှိခြင်း<br>• တာဝန်ယူ၊တာဝန်ခံမှု ရှိခြင်း |

## Preparation
## ပြင်ဆင်ပုံ

| **Materials:** | **သင်ထောက်ကူ ပစ္စည်းများ** |
|---|---|
| For this session you will need:<br>• Whiteboard<br>• Pens | ဤအစီအစဉ်အတွက် သင်သည် အောက်ပါအရာများကို လိုအပ်ပါလိမ့်မည်။<br>• သင်ပုန်း<br>• ဘောပင် |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use:<br>• Handout 5.2.1 Levels of Engagement<br>• Handout 5.2.2 A Social Media Campaign | ဤအစီအစဉ်တွင် သင်သည် အောက်ပါတို့ကို အသုံးပြုရပါလိမ့်မည်။<br>• ဝေငှစာရွက် ၅.၂.၁ ချိတ်ဆက်မှုဆိုင်ရာ အဆင့်လယ်ဗယ်များ<br>• ဝေငှစာရွက် ၅.၂.၂ လူမှုကွန်ယက်မှ ကမ်ပိန်း |

| **OPENING SESSION** | **(5 mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Review lesson outcomes with the participants. Write outcomes on flipchart paper and explain them.
သင်တန်းသူ၊သားများနှင့်အတူ သင်ယူမှုရလဒ်များအား ပြန်လည်လေ့လာပါ။ စာရွက်ဖြူကြီးပေါ်တွင် သင်ယူမှု ရလဒ်များကို ရေးပြီး ရှင်းပြပါ။

| **REVIEW** | **(5 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Link the session outcomes to previous sessions, activities, and rule of law connections.
ဤအစီအစဉ်၏ သင်ယူမှုရလဒ်များအား ပြီးခဲ့သည့် အစီအစဉ် ရလဒ်များ၊ လှုပ်ရှားမှုများ နှင့် တရားဥပဒေစိုးမိုးမှုများနှင့် ဆက်စပ်ပေးပါ။

**Notes to facilitators**
**သင်တန်းနည်းပြများအတွက်မှတ်စုများ**

This session is linked to the activities on rule of law principles and working with vulnerable groups. In the session on rule of law principles, participants discussed how the rule of law requires that legal rules are publicly announced and that the government make decisions publicly and transparently. These goals can only truly be achieved if the public has a real opportunity to find out what the law is, how it applies to them and how they can use it to improve their lives. By learning how to engage their communities, participants can help further the rule of law by making legal rules more widely known and better understood. The session on vulnerable groups is also important because more vulnerable groups are less likely to have access to lawyers and other expensive forms of legal advice. Public engagement is therefore especially likely to help vulnerable groups know and vindicate their legal rights.

ဤအစီအစဉ်သည် တရားဥပဒေစိုးမိုးရေးအခြေခံမူများ အစီအစဉ်နှင့် စာနာထောက်ထားသင့်သောသူများဖြင့် အလုပ်လုပ်ခြင်းအစီအစဉ်များမှ လှုပ်ရှားမှုများ နှင့်ဆက်စပ်မှုရှိသည်။ တရားဥပဒေစိုးမိုးရေးအခြေခံမူများ အစီအစဉ်တွင် သင်တန်းသူ၊ သားများသည် တရားဥပဒေစိုးမိုးရေးတွင် ဥပဒေများကို အများပြည်သူသိရှိရန် ထုတ်ပြန်ရန် လိုအပ်ကြောင်း နှင့် အစိုးရမှ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရန်လိုအပ်သည်ကို ဆွေးနွေးခဲ့ကြသည်။ ဤရည်မှန်းချက်များသည် ပြည်သူများမှ ဥပဒေ ကို သိရှိနိုင်သည့် အမှန်တကယ်အခွင့်အရေးကို ရပြီး ၎င်းဥပဒေများသည် ပြည်သူများအတွက် မည်သို့ သက်ရောက်မှုရှိသည်၊ ပြည်သူများ၏ ဘဝများတိုးတက်ရန် မည်သို့ အသုံးပြုနိုင်သည်ကို သိရှိမှသာ ရရှိနိုင်မည်ဖြစ်သည်။ လူထုများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်ရမည်ကို သင်ယူခြင်းအားဖြင့် သင်တန်းသူ၊သားများသည် သင်ယူခဲ့သည် ဥပဒေများအား အများပြည်သူ ပိုမိုသိရှိ၊ ပိုမိုနားလည်လာအောင် ပြုလုပ်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ဖြစ်စေသည်။ စာနာထောက်ထားသင့်သောသူများ ဆက်ရှင်သည်လည်းအရေးကြီးသည်။အဘယ်ကြောင့်ဆိုသော်စာနာထောက်ထားသင့်သောသူများသည် ရှေ့နေများနှင့် အခြားငွေကုန်ကြေး ကျများသည့် ဥပဒေအကြံဉာဏ်များရနိုင်သည့် အခြေအနေ အလွန်ပင်နည်းပါးနိုင်ချေရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူထုနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းသည် အားနည်းသည့်အဖွဲ့များအား အထူးသဖြင့် ၎င်းတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို သိရှိလာနိုင်ရန်နှင့် သက်သေထူရန် အထောက်အပံ့ဖြစ်နိုင်ပါသည်။

| ACTIVITY 1: DEFINITION OF COMMUNITY ENGAGEMENT | (35 mins) |
|---|---|
| လှုပ်ရှားမှု ၁ - လူထုပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက် | (၃၅ မိနစ်) |

**Purpose of Activity:** To learn different methods of community engagement.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - သင်တန်းသူ၊သားများအား လူထုပူးပေါင်းပါဝင်ဆောင်ရွက်လာရေးနှင့် သက်ဆိုင်သည့် နည်းလမ်းအမျိုးမျိုးကို သင်ယူနိုင်ရန်အတွက် ကူညီပေးရန်။

**Methodology:** Group discussion
**သင်ကြားရေး နည်းစနစ်** - အုပ်စုလိုက်ဆွေးနွေးခြင်း

**Handout(s):** None
**ဝေငှစာရွက်(များ)** - မရှိပါ။

**Materials:** Flipchart paper and markers
**သင်ထောက်ကူပစ္စည်းများ** - စာရွက်ဖြူကြီး နှင့် မာကာများ

**Instructions**

**ညွှန်ကြားချက်များ**

- Start with large group discussion and ask participants what is community? Gather a few answers. (Geographic, interests, religion, hobbies – not your CSO!) (5 mins)
- တစ်တန်းလုံး ဆွေးနွေးခြင်းဖြင့် စတင်ပါ။ သင်တန်းသူ၊သားများအား "လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းဆိုသည်မှာ အဘယ်နည်း" ဟုမေးပါ။ သင်တန်းသူ၊သားများအား အဖြေအချို့ ပေးစေပါ။ (ပထဝီအနေအထား၊ စိတ်ဝင်စားမှုများ၊ ဘာသာ၊ ဝါသနာ - သင်၏ CSO မဖြစ်ရပါ။) (၅ မိနစ်)
- Next ask participants to discuss in pairs "what is community engagement?" and to develop a simple definition of community engagement. (5 mins)
- ထို့နောက် သင်တန်းသူ၊သားများအား "လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းမှာ အဘယ်နည်း" ဟူသည်ကို နှစ်ယောက်တတွဲ ဆွေးနွေးစေပါ။ ပြီးလျှင် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်း အဓိပ္ပာယ် ဖွင့်ဆိုချက်အား ဖော်ဆောင်စေပါ။ (၅ မိနစ်)
- Ask for a few pairs to share their answer and then the facilitator will share the definition of community engagement and discuss with the group.
- သင်တန်းသူ၊သား အချို့အား ၎င်းတို့၏ အဖြေများအား မျှဝေစေပါ။ ထို့နောက် သင်တန်းနည်းပြမှ လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်း၏ အဓိပ္ပာယ်အား မျှဝေ၍ သင်တန်းသူ၊သားများနှင့် ဆွေးနွေးပါမည်။
- The facilitator will ask participants "what are different ways to engage communities? (Brainstorm as a large group. Have participants come up with as many examples as possible. Online campaign, food fair, make educational video, hosting concert, fundraisers, hold training, community forum, panel discussion, community theater, conferences, radio show, posters) (5 mins)
- သင်တန်းနည်းပြမှ သင်တန်းသူ၊သားများအား "လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်း နည်းလမ်း အမျိုးမျိုးသည် အဘယ်နည်း။" ဟု မေးပါ။ (တတန်းလုံးအား ကြိုတင်ကြံဆ တွေးတောစေပါ။ သင်တန်းသူ၊သားများအား ဥပမာများများ ပေးစေပါ။ အွန်လိုင်းပေါ်မှ လှုံ့ဆော်ခြင်း ကမ်ပိန်း၊ အစားအစာ ဈေးပွဲတော်၊ ပညာပေးဗီဒီယို၊ တေးဂီတဖြေဖျော်ပွဲ စီစဉ်ခြင်း၊ ရန်ပုံငွေ ရှာပေးသူများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ဖိုရမ်၊ မျက်နှာစုံညီ အစည်းအဝေး၊ လူထုပါဝင်သော ပြဇာတ်၊ ညီလာခံများ၊ ရေဒီယိုပြပွဲ၊ ပိုစတာများ) (၅ မိနစ်)
- The facilitator will now explain that we can use any method to for any topic but the method we choose depends on the community/audience that we are trying to engage. For example, if we are trying to engage a community school child in the topic of domestic violence we might choose theater, cartoons, video. However, if we were tying to engage government members we would not choose the same methods.
- သင်တန်းနည်းပြမှ "ကျွန်တော်တို့ဟာ ဘယ်ခေါင်းစဉ်မဆို မိမိကြိုက်ရာ နည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် မိမိတို့ ရွေးချယ်လိုက်တဲ့ ချိတ်ဆက်လိုတဲ့ လူမှုအဖွဲ့အစည်း/ပရိသတ်ပေါ် မူတည်ပြီး နည်းလမ်းတွေကို ရွေးချယ်ရမယ်" ဟု ရှင်းပြပါ။ ဥပမာ ဆိုလျှင် - ကျွန်တော်တို့က ကျောင်းနေအရွယ်ကလေးတွေအတွက် အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ချိတ်ဆက်ပေးလိုလျှင် ပြဇာတ်၊ ကာတွန်း၊ ဗီဒီယိုများကို ရွေးချယ်ရမည် ဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့က အစိုးရအဖွဲ့ဝင်များကို ချိတ်ဆက်ပေးချင်တယ်ဆိုလျှင်တော့ အခြားနည်းလမ်းများကို ရွေးချယ်ရမည် ဖြစ်သည်။
- The facilitator will now divide the group into 8 groups and provide each group with a community/audience that they will try to engage. The topic that all groups will be focusing "domestic violence as a serious issue in Myanmar".
- သင်တန်းသူ၊သားများအား အုပ်စု ၈ စု ခွဲပါ။ အုပ်စုတစုစီအား ၎င်းတို့ ချိတ်ဆက်ပေးလိုသည့် လူမှုအဖွဲ့အစည်း ပရိသတ်များ ပံ့ပိုးပေးပါ။ အုပ်စုအားလုံး အလေးပေး ဆောင်ရွက်ရမည့် ခေါင်းစဉ်ကတော့ "မြန်မာနိုင်ငံတွင် ကြီးမားစွာဖြစ်ပွားနေသော အိမ်တွင်း အကြမ်းဖက်မှု" ဖြစ်သည်။

- Each group will then review their community/ audience and list the best methods they would use to engage their particular community on the topic "domestic violence as a serious issue in Myanmar". (5 mins)
- ထို့နောက် အုပ်စုတစ်စုစီအား မိမိတို့၏ လူမှုအဖွဲ့အစည်း/ပရိသတ်ကို ပြန်လည် လေ့လာစေပါ။ ပြီးလျှင် "မြန်မာနိုင်ငံတွင် ကြီးမားစွာ ဖြစ်ပွားနေသော အိမ်တွင်းအကြမ်းဖက်မှု" ဟူသော ခေါင်းစဉ်အား မိမိတို့၏ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအား ချိတ်ဆက်ပေးရန် မည်သည့် နည်းလမ်းသည် အကောင်းဆုံး ဖြစ်သည်ကို စာရင်းပြုစုစေပါ။ (၅ မိနစ်)
- Each group will have 1 minute to share their list of methods with the whole group. (10 mins)
- အုပ်စုတစ်စုစီသည် မိမိတို့၏ နည်းလမ်းများစာရင်းကို တစ်တန်းလုံးအား မျှဝေပေးရန် အချိန် (၁) မိနစ်စီ ရရှိမည် ဖြစ်သည်။ (၁၀ မိနစ်)
- To close the session that facilitator will emphasis that we can use all the methods for any topic. The method is dependent on the community/audience you are trying to engage.
- သင်တန်းနည်းပြမှ "ကျွန်တော်တို့ဟာ ဘယ်ခေါင်းစဉ်မဆို မိမိကြိုက်ရာ နည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်၊ မိမိတို့ ရွေးချယ်လိုက်တဲ့ ချိတ်ဆက်လိုတဲ့ လူမှုအဖွဲ့အစည်း/ ပရိသတ်ပေါ် မူတည်ပြီး နည်းလမ်းတွေကို ရွေးချယ်ရမယ် " ဟု ပြောရင်း ဤအစီအစဉ်ကို အဆုံးသတ်နိုင်သည်။

**Notes to facilitators**

**သင်တန်းနည်းပြများအတွက် မှတ်စု**

According to Wikipedia, community engagement refers to the process by which community benefit organizations and individuals build ongoing, permanent relationships for the purpose of applying a collective vision for the benefit of a community.

ဝီကီပီဒီးယား၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အရ လူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းသည် ဖြစ်စဉ်တစ်ခု ဖြစ်သည်။ ထိုဖြစ်စဉ်တွင် လူထုအဖွဲ့အစည်း၏ အကျိုးအတွက် စုပေါင်းပြီး လုပ်ဆောင်ရမည်ဟူသော မျှော်မြင်မှုတစ်ခုကို အသုံးချထားပါသည်။ ထိုသို့အားဖြင့် အဖွဲ့အစည်းများ နှင့် တဦးချင်းစီအား လက်ရှိဖြစ်နေဆဲ ဖြစ်ပြီး အမြဲ ထာဝရ တည်မြဲသည့် ဆက်ဆံမှုများ တည်ဆောက်စေနိုင်၍ လူထုအဖွဲ့အစည်းကို အကျိုးရှိစေပါသည်။

Facilitators should explain to participants that community engagement is a very large topic and has many different elements and definitions. The statements given below are only a few of many examples that relate to the Rule of Law Training.

သင်တန်းဆရာများအနေဖြင့် သင်တန်းသားများသို့ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းသည် အင်မတန်မှ ကျယ်ပြန့်သော ကဏ္ဍဖြစ်ပြီး မတူညီသော အခြေခံအချက်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များရှိကြောင်းကို ရှင်းပြသင့်သည်။ အောက်ဖော်ပြပါ စာကြောင်းများမှာ တရားဥပဒေစိုးမိုးရေး သင်တန်းနှင့် ဆက်နွယ်သော ဥပမာအနည်းငယ်သာ ဖြစ်သည်။

| ACTIVITY 2: LEVELS OF COMMUNITY ENGAGEMENT | (25 mins) |
|---|---|
| လှုပ်ရှားမှု ၂ - လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ အဆင့်လယ်ဗယ်များ | (၂၅ မိနစ်) |

**Purpose of Activity:** For participants to understand the level of engagement and how effective each level is.

**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** သင်တန်းသူ၊သားများအား ချိတ်ဆက်ခြင်းဆိုင်ရာ အဆင့် နှင့် ထိုအဆင့် တစ်ခုစီသည် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို နားလည်စေရန်။

**Methodology:** Group discussion, matching

**သင်ကြားရေးစနစ် -** အုပ်စုလိုက်ဆွေးနွေးခြင်း၊ တွဲဆက်ခြင်း

**Handout(s):** Handout 5.2.1 Levels of Engagement

**ဝေငှစာရွက်များ -** ဝေငှစာရွက် ၅.၂.၁ ချိတ်ဆက်ခြင်း အဆင့်များ

| |
|---|
| **Materials:** Flipchart paper<br>**သင်ထောက်ကူပစ္စည်းများ -** စာရွက်ဖြူကြီး |

**Instructions**

**ညွှန်ကြားချက်များ**

- The facilitator will explain that there are 5 levels of engagement and will explain each level. They will explain that the more engaged a community is the more effective your project will be. (5 mins)
- သင်တန်းနည်းပြမှ ချိတ်ဆက်ခြင်းဆိုင်ရာ အဆင့် (၅) ဆင့် ရှိကြောင်း နှင့် တစ်ဆင့်ချင်းစီကို ရှင်းပြမည်ဖြစ်ကြောင်း ပြောပါ။ ထိုအဆင့်များကို လေ့လာခြင်းဖြင့် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်မှုရှိလေလေ မိမိတို့၏ပရောဂျက်သည်လည်း ပိုမို၍ အောင်မြင်လေ အကျိုးရှိလေဆိုသည်ကို နားလည်လာမည်။ (၅ မိနစ်)
- Ask participants to remain in their same groups and provide them with Handout 5.2.1 Levels of Engagement. Provide each group with one method of engagement.
- သင်တန်းသူ၊သားများအား မိမိတို့၏ မူလအုပ်စုအတိုင်း ထိုင်နေစေပြီး ဝေငှစာရွက် ၅.၂.၁ ချိတ်ဆက်ခြင်းဆိုင်ရာ အဆင့်များကို ပေးဝေပါ။ ထို့ပြင် အဖွဲ့တစ်ဖွဲ့စီအား ချိတ်ဆက်ခြင်းဆိုင်ရာ နည်းပညာ/နည်းလမ်းတစ်ခုကို ပေးပါ။
- Using this method, for each level of engagement, provide an example of how the engagement would look. (10 mins)
- ထိုနည်းလမ်းကိုအသုံးပြုပြီး ချိတ်ဆက်ခြင်းက မည်သို့ဖြစ်မည်ကို ချိတ်ဆက်ခြင်းအဆင့်တစ်ခုစီအတွက် ဥပမာ တစ်ခုပေးပါ။ ( ၁၀ မိနစ်)

**Notes to facilitators**

**သင်တန်းနည်းပြများအတွက်မှတ်စု**

Levels of Engagement (least to most effective): ချိတ်ဆက်ခြင်း အဆင့်များ (အကျိုးရှိမှု အနည်းဆုံးမှ အများဆုံးသို့)

- Inform: information on the project is provided to the community and the community has no input into the project
- အကြောင်းကြားပါ။ ။ ဤပရောဂျက်နှင့်ဆိုင်သည့် သတင်းအချက်များအား ကွန်မြူနတီသို့ ပေးထားပြီး ကွန်မြူနတီမှ ဤပရောဂျက်သို့ မည်သည့် သတင်းအချက်အလက်မျှ မပေးပါ။
- Consult: Discuss the project with the community and get their feedback on the project. The community is not involved in implementation.
- တိုင်ပင်ပါ။ ။ ကွန်မြူနတီ၌ ပရောဂျက်အကြောင်း ဆွေးနွေးပြီး ၎င်းတို့ထံမှ မှတ်ချက် (feedback) များရယူပါ။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်မြူနတီမှ မပါဝင်ပါ။
- Involve: The communities feedback is collected and incorporated into the project. The community will actively be involved in the project implementation
- ပါဝင်ပါ။ ။ ကွန်မြူနတီထံမှ မှတ်ချက်များရယူပြီး ၎င်းမှတ်ချက်များအား ပရောဂျက်လုပ်ငန်းစဉ်ထဲသို့ ထည့်သွင်းသည်။ ပရောဂျက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်မြူနတီမှ တက်ကြွစွာပါဝင်ဆောင်ရွက်သည်။
- Collaborate: The community and the organization work together to develop the project and jointly implement the project.
- ပူးပေါင်းပါ။ ။ ပရောဂျက်လုပ်ငန်းအား ဖော်ဆောင်ရာတွင် ကွန်မြူနတီနှင့် အဖွဲ့အစည်းမှ အတူတကွ လုပ်ကိုင်ကြသည်။
- Empower: The organization supports the community to design and implement the project.
- စွမ်းဆောင်ရည်မြှင့်တင်ပါ။ ။ အဖွဲ့အစည်းမှ ကွန်မြူနတီအား ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် ကူညီထောက်ပံ့သည်။

Example: Project developing a flyer to share with a community

ဥပမာ: လူမှုအဖွဲ့အစည်းသို့ မျှဝေရန် လက်ကမ်းစာစောင် ပြုလုပ်သည့် ပရောဂျက်

- Inform - You develop a flyer and give to the community
- အကြောင်းကြားသည်- သင်သည် လက်ကမ်းစာစောင်တစ်ခု ပြုလုပ်ပြီး လူမှုအဖွဲ့အစည်းသို့ ပေးသည်။
- Consult - You develop a flyer and discuss with community leaders before sharing
- တိုင်ပင်သည် - သင်သည် လက်ကမ်းစာစောင်တစ်ခု ပြုလုပ်ပြီး လူမှုအဖွဲ့အစည်းသို့ မမျှဝေမီ ရပ်ရွာခေါင်းဆောင်များနှင့် ဆွေးနွေးသည်။
- Involve - You draft a flyer and meet with community to get their feedback and then incorporate their ideas into the final version of the flyer
- ပါဝင်သည် - သင်က လက်ကမ်းစာစောင် အကြမ်းပြုလုပ်ပြီး လူမှုအဖွဲ့အစည်းထံမှ မှတ်ချက်များ (feedback) ရယူရန်တွေ့ဆုံသည်။ ထို့နောက် လက်ကမ်းစာစောင်၏ နောက်ဆုံးဗားရှင်းထဲတွင် ၎င်းတို့၏ အိုင်ဒီယာများကိုလည်း ပေါင်းစပ်ထားသည်။
- Collaborate - You meet with the community and together design the flyer
- ပူးပေါင်းသည် - သင်သည် လူမှုအဖွဲ့အစည်းနှင့် တွေ့ဆုံပြီး လက်ကမ်းစာစောင်အား အတူတူ ဒီဇိုင်းထွင်သည်။
- Empower - You educate the community on the topic and ask them to design the flyer.
- စွမ်းဆောင်ရည်မြှင့်တင်သည် - သင်က လူမှုအဖွဲ့အစည်းအား လက်ကမ်းစာစောင်ထဲ တွင် ဖော်ပြမည့် ခေါင်းစဉ်အကြောင်း အသိပညာပေးသည်။ ပြီးလျှင် ၎င်းတို့အား လက်ကမ်းစာစောင်အား ဒီဇိုင်းထွင်စေသည်။

**After each presentation, ask the group these questions:**
**တင်ပြမှုတစ်ခုစီ အပြီးတွင် အဖွဲ့များအား အောက်ပါမေးခွန်းများမေးပါ။**

- Why do you think empowerment is the most successful level of engagement?
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းက ချိတ်ဆက်ခြင်းအဆင့်များတွင် အအောင်မြင်ဆုံးအဆင့်ဟု အဘယ်ကြောင့်ထင်ပါသနည်း။
- Can you empower a community by using any method of community engagement?
- လူမှုအဖွဲ့အစည်းချိတ်ဆက်မှု နည်းလမ်းများထဲမှ မည်သည့်နည်းလမ်းကိုမဆို အသုံးပြုကာ လူမှုအဖွဲ့အစည်းတစ်ခုကို စွမ်းဆောင်ရည် မြှင့်တင်နိုင်ပါသလား။

| ACTIVITY 3: A SOCIAL MEDIA CAMPAIGN | (15 mins) |
|---|---|
| **လုပ်ရှားမှု ၂ - လူမှုကွန်ယက် ကမ်ပိန်း** | **(၁၅ မိနစ်)** |

**Purpose of Activity:** To evaluate one method of community engagement.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းပညာ/နည်းလမ်းတစ်ခုအား အကဲဖြတ်ဆန်းစစ်ရန်။

**Methodology:** Case analysis and discussion
**သင်ကြားရေး နည်းစနစ်** - အမှုအား ခွဲခြမ်းစိတ်ဖြာ၍ ဆွေးနွေးခြင်း

**Handout(s):** Handout 5.2.2 A Social Media Campaign
**ဝေငှစာရွက် (များ)** - ဝေငှစာရွက် ၅.၂.၂ လူမှုကွန်ယက် ကမ်ပိန်း

**Materials:** None
**သင်ထောက်ကူပစ္စည်းများ** - မရှိပါ။

**INSTRUCTIONS**
**ညွှန်ကြားချက်များ**

- Tell participants that they are now going to look at an example of a social media campaign that was used in another country.
- သင်တန်းသူ၊သားများအား အခြားနိုင်ငံတွင် အသုံးပြုခဲ့သော လူမှုကွန်ယက်ပေါ်တွင် ပြုလုပ်သည့် ကမ်ပိန်းတခုအား ဥပမာအနေဖြင့် လေ့လာကြမည်ဟု ပြောပါ။
- Divide participants into 4 or 5 small groups.
- သင်တန်းသူ၊ သားများအား အဖွဲ့ (၄) သို့မဟုတ် (၅) ဖွဲ့ ခွဲပါ။
- Give each group Handout 5.2.2 Social Media Campaign
- အဖွဲ့တစ်ဖွဲ့စီအား ဝေငှစာရွက် ၅.၂.၂ လူမှုကွန်ယက် ကမ်ပိန်း ကို ပေးပါ။
- Ask groups to read the Handout and discuss the questions. (5 mins)
- အဖွဲ့များအား ဝေငှစာရွက်ကို ဖတ်စေပြီး မေးခွန်းများကို ဆွေးနွေးစေပါ။ (၅ မိနစ်)
- Ask for volunteer's participants to share their answers to the questions (5 mins)
- ဖော်လံတီယာ သင်တန်းသူ၊သားများအား မိမိတို့၏ အဖြေများကို မျှဝေကြရန် ပြောပါ။ (၅ မိနစ်)

**Closing Activity (5 mins)**
**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**

The facilitator will share an example of a very successful social campaign- the #METOO campaign and compare it to the #MENARETRASH campaign and discuss why it was more successful.
သင်တန်းနည်းပြမှ အလွန် အောင်မြင်ခဲ့သော လူမှုကွန်ယက် ကမ်ပိန်းအား ဥပမာအနေဖြင့် အသုံးပြုကာ မျှဝေပေးသည်။ ထို့နောက် #METOO ကမ်ပိန်း နှင့် #MENARETRASH ကမ်ပိန်းကို နှိုင်းယှဉ်ပြီး ဘာကြောင့် #METOO ကမ်ပိန်း ပိုမို အောင်မြင်ရသည်ကို ဆွေးနွေးပါ။

**Notes To facilitators**
**သင်တန်းနည်းပြအတွက်မှတ်စု**

The #METOO began in 2006 and the campaign was developed to promote "empowerment through empathy".
#METOO ကမ်ပိန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုကမ်ပိန်းသည် "စာနာကြည့်ခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း" ကို တိုးတက်စေရန် ဖော်ဆောင်ခဲ့သည်။

Then in 2017 the campaign became an instant online success with over 4.7 million Facebook users using/re-posting the hashtag in the first 24 hours that is appeared on Facebook. An actress wanted to use the hashtag to raise awareness about the magnitude of the issue of sexual harassment and violence against women across the world. Millions of women across the world used the #METOO hashtag to speak out about their own personal experiences of sexual harassment or violence.
ထို့နောက် ၂၀၁၇ ခုနှစ်တွင် ထိုကမ်ပိန်းသည် ၄.၇ သန်း ဖေ့စ်ဘွတ်ခ် သုံးစွဲသူများမှ ၂၄ နာရီ အတွင်း hashtag လုပ်၍ ဖေ့စ်ဘွတ်ခ်ပေါ်တွင် ပြန်လည်ပို့စ်တင်ခဲ့သောကြောင့် အွန်လိုင်းတွင် ချက်ချင်းအောင်မြင်သွားပါသည်။ ရုပ်ရှင်မင်းသမီး တစ်ယောက်က ကမ္ဘာတဝှမ်းတွင် ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု ဆိုင်ရာ ပြဿနာ၏ အရေးပါမှုကို အသိပညာပေးရန် Hashtag ကို အသုံးပြုလိုသည်။ ကမ္ဘာတဝှမ်းမှာ နေထိုင်ကြသည့် အမျိုးသမီးများသည် #METOO ဆိုသည့် hashtag ကို အသုံးပြု၍ ၎င်းတို့သည် လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက် ပေးမှု နှင့် အကြမ်းဖက်မှုများအား ခံစားခဲ့ရသည့် မိမိတို့၏ အတွေ့အကြုံများကို ပြောပြရန် အသုံးပြုသည်။

The campaign has had a number of impacts; it has raised awareness about the scale of this issue and also that it effects all members of society, it has provided a platform for women to speak out and share experiences that they might not have been able to share, it is challenging social norms around women and violence, and the campaign has leaded to in country discussions about the need for reform on laws and policy around sexual harassment and violence.
ဤကမ်ပိန်းသည် အကျိုးသက်ရောက်မှုများစွာ ဖြစ်စေသည်။ ဤပြဿနာ၏ အတိုင်းအတာပမာဏနှင့် ထိုလူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်များအားလုံးကို အကျိုးသက်ရောက်မှု ရှိသည်ကို သတိမူမိစေသည်။ အမျိုးသမီးများအား မိမိတို့၏ အတွေ့အကြုံများ (ယခင်က မပြောဆိုခဲ့) ကို ဖွင့်ဆို ပြောကြားရန် အခြေခံ ပလက်ဖောင်း ချပေးသကဲ့သို့ ဖြစ်သည်။ ထိုကမ်ပိန်း သည် အမျိုးသမီးများနှင့် အကြမ်းဖက်မှုတို့အတွက် လူမှုရေးရာ စံချိန်စံညွှန်းများကို စိန်ခေါ်နေသည်။ ထို့ပြင် ထိုကမ်ပိန်းကြောင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု နှင့် အကြမ်းဖက်မှုများ ဆိုင်ရာ မူဝါဒ နှင့် ဥပဒေများကို ပြန်လည်ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်အကြောင်း နိုင်ငံထဲရှိ ဆွေးနွေးပွဲများတွင် ဦးဆောင်နေခဲ့သည်။

Men have also joined the campaign either to share it and advocate for changes in social norms and behavior or to also share their experiences of sexual harassment and violence.
အမျိုးသားများလည်း ကမ်ပိန်းတွင် ပါဝင်ခဲ့ကြသည်။ ၎င်းတို့သည် လူမှုရေးရာ စံချိန်စံညွှန်းများနှင့် အပြုအမူများတွင် ပြောင်းလဲရန်အတွက် အရေးဆို တင်သွင်းမှုများ ပြုလုပ်ခဲ့ပြီး မျှဝေခဲ့ကြသည်။ ထို့ပြင် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု နှင့် အကြမ်းဖက်မှုများဆိုင်ရာ အတွေ့အကြုံများကိုလည်း မျှဝေခဲ့ကြသည်။

The success of the campaign could come from that fact that it evokes empathy not hate or blame and that it is inclusive. It doesn't target men and blame them but simply provides and opportunity for people to share their experiences. It is important as we try to address the issues of SGBV that we include men and that they too are part of the solution.
ထိုကမ်ပိန်းအောင်မြင်ရခြင်းသည် စာနာကြည့်ခြင်းမှ ပေါက်ဖွားလာခြင်း ဖြစ်ပြီး အမုန်းတရားနှင့် အပြစ်တင်မှုများမှ ရရှိလာခြင်းမဟုတ်ပါ။ ထို့ပြင် ထိုကမ်ပိန်းသည် အားလုံးအား ပါဝင်မှုရှိစေသည်။ ထို့ပြင် ၎င်းသည် အမျိုးသားများအား အပြစ်တင်ရန် ဦးတည်မထားပါ။ သို့သော် လူအားလုံးသည် မိမိတို့၏ အတွေ့အကြုံများကို မျှဝေခွင့် ရှိသည်။ အမျိုးသားများ ပါဝင်ပြီး ၎င်းတို့သည်လည်းပဲ အဖြေရှာရာတွင် တစိတ်တပိုင်းအားဖြင့် ဖြစ်သည့် SGBV ဆိုင်ရာ ပြဿနာများကို ချဉ်းကပ်ခြင်းသည် အရေးကြီးပါသည်။

| **SUMMARY SESSION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Ask participants the following questions:
သင်တန်းသူ/သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- Did your understanding of community engagement increase as a result of this session? If yes, how?
- ဤအစီအစဉ်တွင် လေ့လာသင်ယူခြင်းဖြင့် မိမိ၏ လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု အသိပညာအား တိုးတက်မှု ရှိခဲ့ပါသလား။ ရှိခဲ့လျှင် မည်သို့ တိုးတက်ခဲ့ပါသနည်း။
- What rule of law principles are linked to community engagement?
- လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းသည် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ဆက်စပ်မှု ရှိပါသနည်း။
- When planning to do community engagement what rule of law principles does your organization need to consider?
- လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်း ပြုလုပ်ရန် စီစဉ်ရာတွင် သင့်အဖွဲ့အစည်းသည် မည်သည့် တရားဥပဒေစိုးမိုးရေးမူဝါဒများကို စဉ်းစားထားရန် လိုအပ်ပါသနည်း။

# Handout 5.2.1: Levels of Engagement
# ဝေငှစာရွက် (၅.၂.၁) - ချိတ်ဆက်ခြင်း အဆင့်များ

**Levels of Engagement (least to most effective):**

**Please write your method:**

**Inform**
- Information on the project is provided to the community and the community has no input into the project

**Consult**
- Discuss the project with the community and get their feedback on the project. The community is not involved in implementation

**Involve**
- The community's feedback is collected and incorporated into the project. The community will actively be involved in the project implementation

**Collaborate**
- The community and the organization work together to develop the project and jointly implement the project.

**Empower**
- The organization supports the community to design and implement the project.

Using your method explain how you would engage the community at each level into your project.

Inform

Consult

Involve

Collaborate

Empower

## ချိတ်ဆက်ခြင်း အဆင့်များ (အကျိုးသက်ရောက်မှု အနည်းဆုံးမှ အများဆုံးသို့):

- **Inform** — ဤပရောဂျက်နှင့်ဆိုင်သည့် သတင်းအချက်များအား ကွန်မြူနတီသို့ ပေးထားပြီး ကွန်မြူနတီမှ ဤပရောဂျက်သို့ မည်သည့် သတင်းအချက်အလက်မျှ မပေးပါ။
- **Consult** — ကွန်မြူနတီ၌ ပရောဂျက်အကြောင်း ဆွေးနွေးပြီး ၎င်းတို့ထံမှ မှတ်ချက် (feedback) များ ရယူပါ။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်မြူနတီမှ မပါဝင်ပါ။
- **Involve** — ကွန်မြူနတီထံမှ မှတ်ချက်များ ရယူပြီး ၎င်းမှတ်ချက်များအား ပရောဂျက်လုပ်ငန်းစဉ်ထဲသို့ ထည့်သွင်းသည်။ ပရောဂျက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်မြူနတီမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။
- **Collaborate** — ပရောဂျက်လုပ်ငန်းအား ဖော်ဆောင်ရာတွင် ကွန်မြူနတီ နှင့် အဖွဲ့အစည်းမှ အတူတကွ လုပ်ကိုင်ကြသည်။
- **Empower** — အဖွဲ့အစည်းမှ ကွန်မြူနတီအား ပရောဂျက် ဒီဇိုင်းရေးဆွဲခြင်း နှင့် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် ကူညီထောက်ပံ့သည်။

**ကျေးဇူးပြု၍ သင်အသုံးပြုသော နည်းပညာ/လမ်းကို ရေးပါ။**

သင့်ပရောဂျက်၏ အဆင့်လယ်ဗယ်တစ်ခုစီတိုင်းတွင် လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအား သင်၏ နည်းပညာကို မည်သို့ ချိတ်ဆက်အသုံးပြုသည်ကို ရှင်းပြပါ။

- **အကြောင်းကြားသည်။** — 
- **တိုင်ပင်သည်။** — 
- **ပါဝင်သည်။** — 
- **ပူးပေါင်းသည်။** — 
- **စွမ်းဆောင်ရည် မြှင့်တင်သည်။** — 

# Handout 5.2.2: A Social Media Campaign against SGBV
# ဝေငှစာရွက် (၅.၂.၂) - SGBV ကို ဆန့်ကျင်သည့် လူမှုကွန်ယက်ပေါ်မှ ကမ်ပိန်းပြုလုပ်ခြင်း

A woman's organization in South Africa designed a social media campaign to raise awareness about the brutal murder of a South African woman by her boyfriend. The Campaign featured the hashtag #MENARETRASH.

What do you think about the campaign named #MENARETRASH
Do you think this campaign was successful or unsuccessful? Please explain.
Do you think this campaign would be successful in Myanmar?

တောင်အာဖရိကရှိ အမျိုးသမီး အဖွဲ့အစည်းတစ်ခုသည် တောင်အာဖရိက အမျိုးသမီး တယောက်အား သူမ၏ ချစ်သူက ရက်စက်စွာ သတ်ဖြတ်ခဲ့သည်ကို လူအများ သတိထားမှု မြင့်မား လာစေရန်အတွက် လူမှုကွန်ယက်၌ လှုံ့ဆော်ခြင်း ကမ်ပိန်းကို စီစဉ်ခဲ့သည်။ လှုံ့ဆော်မှုကမ်ပိန်း အမှတ်အသား #MENARETRASH #အမျိုးသားများသည် အမှိုက်များ ဖြစ်ကြသည်။

# အမျိုးသားများသည် အမှိုက်များ ဖြစ်ကြသည် ဟူသော ကမ်ပိန်းအမည်ကို သင်မည်သို့ ထင်ပါသနည်း။

ဤလှုံ့ဆော်မှုကမ်ပိန်း အောင်မြင်ခဲ့သည်ဟု ထင်ပါသလား။ မအောင်မြင်ခဲ့ပါ ဟု ထင်ပါသလား။ ကျေးဇူးပြု၍ ရှင်းပြပါ။

ဤကမ်ပိန်းသည် မြန်မာနိုင်ငံတွင် ပြုလုပ်လျှင် အောင်မြင်မည်ဟု ထင်ပါသလား။

# Module 5.3: Engaging with Community Leaders
# အစီအစဉ် (၅.၃) - လူထုခေါင်းဆောင်များနှင့် ချိတ်ဆက်ခြင်း

**Purpose of Session**: The purpose of this session is to explore strategies for engaging with community leaders.

**အစီအစဉ်၏ ရည်ရွယ်ချက် -** ဤအစီအစဉ်၏ ရည်ရွယ်ချက်သည် လူထုခေါင်းဆောင်များ နှင့် ချိတ်ဆက်ရာတွင် အသုံးပြုသော နည်းဗျူဟာများအား လေ့လာနိုင်မည်။

## Outcomes, Skills and Methodologies
## မျှော်မှန်းရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ

| Outcomes: | မျှော်မှန်းရလဒ် |
|---|---|
| As a result of this workshop participants will be able to:<br>• Explain how these decision-makers are important to the success of community engagement.<br>• List decision-makers in their community.<br>• Identify strategies for engaging with decision makers.<br>• Demonstrate strategies for engaging with decision-makers. | ဤအစီအစဉ်မှ သင်တန်းသူ၊သားများသည် အောက်ပါတို့ ကိုလုပ်ဆောင်နိုင်မည်။<br>• လူမှုအဖွဲ့အစည်း နှင့် ချိတ်ဆက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် ဆုံးဖြတ်ချက်ချသူများသည် မည်သို့ အရေးပါသည်ကို ရှင်းပြနိုင်လိမ့်မည်။<br>• မိမိတို့ လူမှုအဖွဲ့အစည်းအတွင်းရှိ ဆုံးဖြတ်ချက်ချနိုင်သူများအား စာရင်းပြုစုနိုင်လိမ့်မည်။<br>• ဆုံးဖြတ်ချက်ချသူများနှင့် ချိတ်ဆက်ခြင်းအတွက် နည်းဗျူဟာများ ဖော်ထုတ်နိုင်လိမ့်မည်။<br>• ဆုံးဖြတ်ချက်ချသူများနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းဗျူဟာများအား သရုပ်ဖော် ပြသနိုင်လိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Engagement<br>• Diplomacy<br>• Communication<br>• Negotiation<br>• Oral Advocacy<br>• Collaboration<br>• Presentation | ဤအခန်းတွင် သင်တန်းသူ၊သားများသည် အောက်ပါ ကျွမ်းကျင်မှု တို့ကို လေ့ကျင့်သွားကြရမည်။<br>• ချိတ်ဆက်ခြင်း<br>• သံတမန်ရေးရာ ဆက်သွယ်ခြင်း<br>• ပြောဆိုဆက်ဆံခြင်း<br>• ညှိနှိုင်းခြင်း<br>• ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း<br>• ပူးပေါင်းဆောင်ရွက်ခြင်း<br>• တင်ပြခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Brainstorm<br>• Role play<br>• Think-pair-share<br>• Small group discussion | ဤဆက်ရှင်တွင် သင်တန်းသူ၊သားများသည် အောက်ပါ သင်ကြားနည်းနည်းပညာများကို လေ့ကျင့်မည်။<br>• ကြိုတင်ကြံဆတွေးတောခြင်း<br>• သရုပ်ဖော်တင်ပြမှု<br>• စဉ်းစားပါ- နှစ်ယောက်တတွဲလုပ်ပါ -ဝေမျှပါ<br>• အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးခြင်း |

**Rule of Law Principles**

**တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Transparency<br>• Accountability<br>• Participation in decision-making | အောက်ပါ တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများသည်ဤအစီအစဉ် နှင့် သက်ဆိုင်ပါသည်။<br>• ပွင့်လင်းမြင်သာမှု<br>• တာဝန်ခံမှု<br>• ဆုံးဖြတ်ချက်ချရာတွင် ပါဝင်မှု |

**Preparation**

**ပြင်ဆင်ပုံ**

| Materials: | သင်ထောက်ကူပစ္စည်းများ |
|---|---|
| For this session you will need:<br>• Whiteboard<br>• Pens<br>• Paper for note taking by participants<br>• Pre-written statement for Activity 1 | ဤအခန်းအတွက် အောက်ပါတို့ကို လိုအပ်မည်။<br>• သင်ပုန်း<br>• ဘောလ်ပင်<br>• သင်တန်းသူ/သားများ မှတ်စုရေးရန် စာရွက်<br>• လှုပ်ရှားမှု ၁ အတွက် ကြိုတင်ရေးသားထားသော အဆိုပြုချက် |

| Handouts: | ဝေငှစာရွက်များ |
|---|---|
| In this session participants will use:<br>• 5.3.1 Role Play Assignments | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် -<br>• ၅.၃.၁ သရုပ်ဖော် တင်ပြမှု လုပ်ငန်းတာဝန်များ (ကံစမ်းမဲအတွက်) |

| OPEN SESSION | (2 mins) |
|---|---|
| အဖွင့်အစီအစဉ် | (၂ မိနစ်) |

Share session's purpose and relevant background. Write outcomes on flipchart paper and explain them. Discuss other announcements and concerns.

ဤအခန်း၏ ရည်ရွယ်ချက်နှင့် နောက်ခံအကြောင်းအရာများကို ဆွေးနွေးမျှဝေပါ။မျှော်မှန်းရလဒ်များကို စာရွက်ဖြူကြီးပေါ်တွင် ရေးပြီး ရှင်းပြပါ။ အခြား ဆွေးနွေးစရာကိစ္စများရှိပါက ဆွေးနွေးပါ။

| REVIEW | (3 mins) |
|---|---|
| ပြန်လည်သုံးသပ်ခြင်း | (၃ မိနစ်) |

Lead quick discussion to link the session outcomes to previous sessions, activities, and rule of law connections.

လေ့လာပြီးခဲ့သည့် အစီအစဉ်များ၊ လှုပ်ရှားမှုများ နှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ဆက်သွယ်ချက်များအား ဤအစီအစဉ်၏ သင်ယူမှုရလဒ်များနှင့် ဆက်စပ်ပေးရန်အတွက် တိုတိုတုတ်တုတ် ဆွေးနွေးပွဲကို ဦးဆောင်ပါ။

| ACTIVITY 1: COMMUNITY LEADERS AND COMMUNITY ENGAGEMENT | (20 mins) |
| --- | --- |
| **လှုပ်ရှားမှု ၁ : ရပ်ရွာလူထုခေါင်းဆောင်များနှင့် လူမှုအဖွဲ့အစည်း ချိတ်ဆက်ခြင်း** | **(၂၀ မိနစ်)** |

**Purpose of Activity:** To explore the importance of community leaders in community engagement.
လှုပ်ရှားမှု၏ ရည်ရွယ်ချက် - လူမှုအဖွဲ့အစည်း နှင့် ချိတ်ဆက်ခြင်းတွင် ရပ်ရွာခေါင်းဆောင်များ၏ အရေးပါမှုအား လေ့လာစေရန်

**Methodology:** PRES
**သင်ကြားနည်း နည်းပညာ** - PRES

**Materials:** Pre-Written Statement
**သင်ထောက်ကူ ပစ္စည်း** - ကြိုတင်ရေးသားထားသော အဆိုပြုချက်

**Handouts:** None
**ဝေငှစာရွက်များ** - မရှိပါ။

**Instructions**
**ညွှန်ကြားချက်များ**

- Remind participants that in the last session they explored methods of community engagement. Tell participants that in this session they are going to examine why community leaders are important for community engagement.
- သင်တန်းသူ/သားများအား ၎င်းတို့သည် နောက်ဆုံးအစီအစဉ်တွင် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းပညာ/လမ်းများအား လေ့လာခဲ့သည်ဖြစ်ကြောင်း ပြောပါ။ ဤအစီအစဉ်တွင် လူထုခေါင်းဆောင်များသည် အဘယ့်ကြောင့် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ရာတွင် အရေးကြီးကြောင်း လေ့လာကြမည်ဟု ပြောပါ။
- Tell participants that they are going to use the PRES Method for this activity.
    - Ask participants: Does anyone remember the PRES Method?
    - Can you tell me what PRES stands for?
- ဤလှုပ်ရှားမှုအတွက် PRES နည်းပညာကို အသုံးပြုမည်ဟု ပြောပါ။
    - သင်တန်းသူ/သားများအား မေးပါ -
        - PRES နည်းပညာကို မှတ်မိကြပါသေးသလား။
        - PRES ရဲ့ အရှည်ကောက်ကိုရော ပြောပြပေးနိုင်မလား။
- Divide participants into 5 groups.
- သင်တန်းသူ/သားများအား အဖွဲ့ (၅) ဖွဲ့ ခွဲပါ။
- Tape the Pre-Written Statement on the board.
- ကြိုတင်ရေးသားထားသော အဆိုပြုချက်အား သင်ပုန်းပေါ်တွင် ကပ်ပါ။

| **Pre-Written Statement**<br>**ကြိုတင်ရေးသားထားသော အဆိုပြုချက်**<br><br>The success of your community engagement depends on your community leaders.<br>သင်၏ လူမှုအဖွဲ့အစည်းချိတ်ဆက်ခြင်းဆိုင်ရာ အောင်မြင်မှုသည် လူထုခေါင်းဆောင်များအပေါ်တွင် မူတည်ပါသည်။ |
| --- |

- Tell participants they have 5 minutes to create a PRES argument based on the statement. Groups should choose one person to present.
- သင်တန်းသူ/သားများသည် ပေးထားသည့် အဆိုပြုချက်ကို အခြေခံ၍ PRES အဆိုပြုချက်များ ဖန်တီးမှုရန် အချိန် ၅ မိနစ် ရကြောင်း ပြောပါ။
- Each group will have 2 minutes to give their PRES argument.
- အုပ်စုတစ်စုစီသည် ၎င်းတို့၏ PRES အဆိုပြုချက်အား တင်ပြရန် အချိန် ၂ မိနစ် ရရှိပါလိမ့်မည်။

**Closing Activity (5 mins)**
**အပိတ် လှုပ်ရှားမှု (၅ မိနစ်)**

- What PRES presentation did you find most persuasive or strong?
- မည်သည့် PRES တင်ပြခြင်းသည် ဆွဲဆောင်မှု အားအကောင်းဆုံး ဖြစ်ပါသနည်း။
- Five PRES positions were presented. Can you think of any others?
- PRES ရပ်တည်ချက် (၅) ခုကို တင်ပြခဲ့ပါသည်။ အခြား PRES ရပ်တည်ချက်များကို သိပါသေးသလား။
- What rule of law principles did you hear in the PRES presentations?
- PRES တင်ပြခြင်းများ၌ မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများကို သင်ကြားခဲ့ရပါသနည်း။

| ACTIVITY 2: WHO ARE THE LEADERS IN YOUR COMMUNITY? | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - သင့်လူမှုအဖွဲ့အစည်းတွင် မည်သူများသည် ခေါင်းဆောင်များ ဖြစ်ကြသနည်း။** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To identify the leaders in your community.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - သင့်လူမှုအဖွဲ့အစည်းထဲရှိ ခေါင်းဆောင်များကို ဖော်ထုတ်ရန်။<br><br>**Methodology:** Brainstorm and group discussion<br>**သင်ကြားရေးနည်းစနစ်** - ကြိုတင်ကြံဆ တွေးတောခြင်း နှင့် အုပ်စုဖွဲ့ ဆွေးနွေးခြင်း။<br><br>**Handout:** None<br>**ဝေငှစာရွက်** - မရှိပါ။<br><br>**Materials:** Whiteboard and markers<br>**သင်ထောက်ကူပစ္စည်းများ** - သင်ပုန်းနှင့် မာကာများ | |

**Instructions**
**ညွှန်ကြားချက်များ**

- As a large group, ask participants: who are the leaders in your community?
- တစ်တန်းလုံးအား "သင့် လူမှုအဖွဲ့အစည်း၌ ခေါင်းဆောင်များသည် မည်သူများ ဖြစ်ကြသနည်း။" ဟု မေးပါ။
- Ask participants to think of as many leaders as possible. Co-facilitator should list them on the board. (5 mins)
- သင်တန်းသူ/သားများအား ခေါင်းဆောင်များ ရနိုင်သလောက် များများ စဉ်းစားစေပါ။ တွဲဖက် သင်တန်းဆရာမှ သင်ပုန်းပေါ်တွင် စာရင်းများ ရေးပါ။ ( ၅ မိနစ်)
- Ask participants to discuss with the person sitting next to them, why each of the leaders listed on the board are important for engaging with the community. (5 mins)
- သင်ပုန်းပေါ်တွင် ရေးထားသော လူထုခေါင်းဆောင် တစ်ယောက်ချင်းစီသည် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ရာတွင် အဘယ့်ကြောင့် အရေးပါကြောင်း သင်တန်းသူ/သားများအား နှစ်ယောက်တတွဲ ဆွေးနွေးစေပါ။ (၅ မိနစ်)
- Facilitator should then go around the room asking each pair to name ONE type of leader and why that leader is important. Facilitator should encourage pairs not to repeat a type of leader.

- သင်တန်းနည်းပြမှ အခန်းတွင်း လှည့်လည်သွားလာပြီး သင်တန်းသူ၊သား အတွဲတစ်တွဲစီအား ခေါင်းဆောင်အမျိုးအစား ၁ မျိုး နှင့် အဘယ့်ကြောင့် ထိုခေါင်းဆောင်သည် အရေးပါကြောင်း ပြောစေပါ။ သင်တန်းသူ၊သားများအား အခြားသူများ ပြောပြီးသော အမျိုးအစားများအား ထပ်မံ မပြောပါစေနှင့်။
- Co-facilitator should check off each type of leader on the whiteboard.
- တွဲဖက် နည်းပြမှ သင်ပုန်းပေါ်တွင် ရေးသားထားသော ခေါင်းဆောင် အမျိုးအစား တစ်ခုချင်းစီအား စစ်ဆေးရမည်။
- Facilitator should continue to call on pairs until all of the leaders on the whiteboard are checked off. (5 mins)
- သင်တန်းနည်းပြသည် သင်ပုန်းပေါ်တွင် ရေးသားထားသော ခေါင်းဆောင်များ အမျိုးအစားများ မကုန်မချင်း သင်တန်းသူ၊သား အတွဲများအား မေးမြန်းရမည်။ (၅ မိနစ်)

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following questions:

သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- Are there any leaders that you remember now that we did not include on our first list?
- ပထမဦးဆုံး စာရင်းပြုစုစဉ်က မပါခဲ့ဘဲ ယခုမှ သတိ ရသော ခေါင်းဆောင်အမျိုးအစားများ ရှိပါသလား။
- What leaders are the most important on this list? Why?
- စာရင်းထဲရှိ မည်သည့် ခေါင်းဆောင် အမျိုးအစားသည် အရေးအကြီးဆုံး ဖြစ်ပါသနည်း။ အဘယ့်ကြောင့်နည်း။

**Notes to facilitators**

Examples:

*Village Leader – help to resolve disputes

*Religious Leader – can support community members to follow their beliefs; can resolve disputes

*Elder – has wisdom, can help community understand customs, etc.

*Chief – knows customs and ways of community.

*Ward officers – have power to make decisions; understand laws and legal processes

*GAD – know administrative procedures and can make decisions affecting people's lives

*Teachers – have an impact on the lives of the children in their classes including, what and how children learn

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

ဥပမာများ

- ကျေးလက်ခေါင်းဆောင် - အငြင်းပွားမှုများကို ဖြေရှင်းပေးသည်။
- ဘာသာရေးခေါင်းဆောင် - လူအများအား ၎င်းတို့၏ ယုံကြည်ချက်များကို လိုက်နာစေသည်။ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အထောက်အကူပြုသည်။
- လူကြီးများ - ပညာရှိပြီး ထုံးတမ်းစဉ် လာများကို နားလည်စေရန် အကူအညီပေးသည်။
- အကြီးအကဲ - ဓလေ့များကို သိပြီး လူ့ အသိုင်းအဝိုင်းများကိုလည်း နားလည်သည်။
- ရပ်ကွက်တာဝန်ရှိသူများ - ဆုံးဖြတ်ချက်ချရန်အာဏာရှိပြီး ဥပဒေနှင့် တရားရေးဆိုင်ရာဖြစ်စဉ်များကို နားလည်သည်။
- အထွေထွေအုပ်ချုပ်ရေးမှူး - စီမံခန့် ခွဲမှုဆိုင်ရာ နည်းလမ်းများကို သိပြီး ပြည်သူများ၏ ဘဝ၊ နေထိုင်ရေးအတွက် အဆုံးအဖြတ် ပေးနိုင်သည်။

ဆရာ/မများ - ကျောင်းသားများ၏ ဘဝပေါ်တွင် သက်ရောက်မှုများရှိပြီး မည်သည့် အကြောင်းအရာများကို အဘယ်ကြောင့် သင်ယူရသည်ကို သိစေသည်။

| **ACTIVITY 3: STRATEGIES FOR ENGAGING WITH COMMUNITY LEADERS** | **(40 mins)** |
|---|---|
| **လှုပ်ရှားမှု ၃ - ရပ်ရွာခေါင်းဆောင်များနှင့် ချိတ်ဆက်ခြင်း နည်းဗျူဟာများ** | **(မိနစ် ၄၀)** |
| **Purpose of Activity:** To create and demonstrate strategies for engaging with community leaders.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ရပ်ရွာလူထုခေါင်းဆောင်များနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းဗျူဟာများကို ဖန်တီးရန် နှင့် လက်တွေ့ပြရန်။<br><br>**Methodology:** Lucky Draw and Role Play<br>**သင်ကြားရေးနည်းစနစ် - ကံစမ်းမဲ နှင့် သရုပ်ဖော်တင်ပြမှု**<br><br>**Handout:** Handout 5.3.1 (cut into strips for lucky draw)<br>**ဝေငှစာရွက်** - ဝေငှစာရွက် ၅.၃.၁ (ကံစမ်းမဲ စာရွက်များ ဖြတ်ထားပါ။)<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ** - မရှိပါ။ | |

**Instructions**

**ညွှန်ကြားချက်များ**

- Divide participants into 4 groups.
- သင်တန်းသူ၊သားများအား အဖွဲ့ (၄) ဖွဲ့ ခွဲပါ။
- Each group has 15 minutes to prepare a 5-minute role play based on the lucky draw.
- အဖွဲ့တစ်ဖွဲ့စီအား ကံစမ်းမဲ နှိုက်စေပြီး မိမိကျရာ သရုပ်ဖော်တင်ပြမှု လုပ်ငန်းတာဝန်ပေါ် အခြေခံပြီး (၅) မိနစ်စာ သရုပ်ဖော်တင်ပြမှုအတွက် ပြင်ဆင်ချိန် (၁၅) မိနစ် ပေးပါ။
- In each role play, everyone should have a role and each role play must have the following roles:
  - The community leader
  - A leader in the organization who is in charge of community engagement activities
  - A member of the organization who is responsible for M&E
- သရုပ်ဖော် တင်ပြမှု တစ်ခုစီ၌ သင်တန်းသူ၊သားတိုင်း အခန်းကဏ္ဍ (role) တစ်ခုစီယူရမည်ဖြစ်ပြီး အောက်ပါ အခန်းကဏ္ဍများ ပါဝင်ပါမည်။
  - ရပ်ရွာခေါင်းဆောင်
  - လူမှုအဖွဲ့အစည်း နှင့် ချိတ်ဆက်ခြင်းလှုပ်ရှားမှုများအတွက် တာဝန်ရှိသောအဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ယောက်
  - M&E အတွက် တာဝန်ရှိသော အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ယောက်
- Co-facilitator should write the above roles on the whiteboard so that groups have a reminder of the required roles.
- တွဲဖက်နည်းပြမှ အထက်ပါအခန်းကဏ္ဍ (roles) များကို သင်ပုန်းပေါ်တွင်ရေးပါ။ သို့မှသာ သင်တန်းသူ၊သားများအား လုပ်ဆောင်ရန် လိုအပ်သော အခန်းကဏ္ဍများ (roles) များအား သတိရနေစေရန် ဖြစ်သည်။
- Ask each group to discuss and create a role play that demonstrates how an organization would engage with a community leader to successfully implement the community engagement activity. Groups should focus on how they can most successfully get the support of the community leader to conduct their activity. Groups should also discuss and show in their role play through the M&E representative how they will document the engagement with the community leader.
- တစ်ဖွဲ့ချင်းစီအား ဆွေးနွေးကြစေပြီး သရုပ်ဖော်တင်ပြခြင်းတစ်ခု ဖန်တီးစေပါ။ ထိုသရုပ်ဖော် တင်ပြခြင်း၌ အဖွဲ့အစည်းတစ်ခုသည် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ လှုပ်ရှားမှုတစ်ခုအား အောင်မြင်စွာ ကောင်းအထည်ဖော် ဆောင်ရွက်ရန်အတွက် ရပ်ရွာခေါင်းဆောင်နှင့် မည်ကဲ့သို့ ချိတ်ဆက်သည်ကို သရုပ်ဖော် တင်ပြရမည်။ သင်တန်းသူ၊သားတဖွဲ့ချင်းစီက မိမိတို့၏ လှုပ်ရှားမှုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာ

လူထုခေါင်းဆောင်ထံမှ မည်ကဲ့သို့သော အထောက်အပံ့ အကူအညီများ အောင်မြင်စွာ ရရှိခဲ့သည်ကို အလေးပေး ဖော်ပြရမည်။ ထို့ပြင် M&E ကိုယ်စားလှယ်အနေဖြင့်သရုပ်ဆောင်သော သင်တန်းသူ၊သားတိုင်း သည်ရပ်ရွာလူထု ခေါင်နှင့်ချိတ်ဆက်ခြင်းအားမည်ကဲ့သို့မှတ်တမ်းတင်မည် (Document) ကိုလည်း မိမိတို့၏ သရုပ်ဆောင်မှုမှတဆင့် ဆွေးနွေး ပြောဆိုစေပါ။

- Emphasize to participants that the focus of their role play is on how they will engage with the community not on solving a legal problem.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် သရုပ်ပြ တင်ပြမှု ပြုလုပ်ရာတွင် လူမှုအဖွဲ့အစည်းနှင့် မည်ကဲ့သို့ ချိတ်ဆက်သည်ကို အလေးပေး ဖော်ပြရမည်ဖြစ်ပြီး ဥပဒေဆိုင်ရာ ပြဿနာတစ်ခုအား ဖြေရှင်းသည့်အပေါ် အလေးပေးရမည် မဟုတ်ကြောင်း ပြောပြပါ။

**Closing Activity**

**အပိတ်လှုပ်ရှားမှု**

Ask participants the following:

သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- What part of the role play preparation was the most difficult or time consuming for your group?
- သင်တို့ အဖွဲ့အတွက် သရုပ်ဖော်တင်ပြခြင်းအတွက် ပြင်ဆင်မှုတွင် မည်သည့် အပိုင်းသည် အခက်ခဲဆုံးဖြစ်ပြီး (သို့) အချိန်အကုန်ဆုံး ဖြစ်ပါသနည်း။
- What tips or techniques did you learn from watching the role plays that will help you with future community engagement activities?
- အနာဂတ်တွင် သင် လူမှုအဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု လှုပ်ရှားမှုများ ပြုလုပ်ရာတွင် ကူညီပေးနိုင်သည့် မည်သည့် အချက်များ (သို့) နည်းပညာများအား ဤသရုပ်ဖော် တင်ပြခြင်းများအား ကြည့်ရှုခြင်းအားမှ လေ့လာခဲ့ပါသနည်း။
- What creative methods of documentation or new methods did you learn about from the presentations?
- တင်ပြမှုများမှ မည်သည့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နည်းလမ်းအသစ်များ (သို့) ဖန်တီးတီထွင်ထားသည့် နည်းလမ်းများကို သင် လေ့လာခဲ့ပါသနည်း။
- What rule of law principles are related to the documentation methods described?
- အထက်တွင် ဖော်ပြထားသော မှတ်တမ်းတင်ခြင်းဆိုင်ရာ နည်းလမ်းများသည် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ဆက်စပ်မှု ရှိပါသနည်း။

| **SUMMARY AND REVIEW** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်နှင့် ပြန်လည်လေ့လာခြင်း** | **(၅ မိနစ်)** |

Ask participants the following questions:

သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းများကို မေးပါ။

- What factors are most important when considering how to engage with community leaders? (Are there some actions or considerations that will make your community engagement successful?)
- ရပ်ရွာခေါင်းဆောင်းများနှင့် မည်သို့ ချိတ်ဆက်ရမည်ကို စဉ်းစားသည့်အခါ ဘယ်အချက်များသည် အရေးကြီးဆုံး ဖြစ်သနည်း။ (သင်၏ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအား အောင်မြင်စေရန် ပြုလုပ်ပေးသည့် လုပ်ဆောင်မှုများ (သို့) စဉ်းစားသည့်အချက်များ ရှိပါသလား။
- Why is documentation of your engagement with community leaders important?
- ရပ်ရွာလူထုခေါင်းဆောင်များနှင့် ချိတ်ဆက်ရာ၌ မှတ်တမ်းတင်ခြင်းသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း။
- What rule of law principles are related to engaging with community leaders?
- ရပ်ရွာလူထုခေါင်းဆောင်များနှင့် ချိတ်ဆက်ခြင်းသည် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ဆက်စပ်မှု ရှိပါသနည်း။

**Note to facilitators**

Documentation of engagement with community leaders is important for a number of reasons. Evidence that the leader is in support of your community engagement activity.

1. Creation of standard processes for engaging with community leaders for future activities.
2. A record of best practices in community engagement for current and future donors.
3. Accountability and transparency for beneficiaries, the public, government, and other organizations.

**သင်တန်းဆရာအတွက် မှတ်စု**

ရပ်ရွာလူထုခေါင်းဆောင်များနှင့် ချိတ်ဆက်ရာတွင် မှတ်တမ်းတင်ခြင်းသည် အောက်ပါအကြောင်းအချက်များကြောင့် အရေးကြီးပါသည်။

၁။ သင်၏လူမှုအဖွဲ့အစည်း နှင့် ချိတ်ဆက်သည့် လှုပ်ရှားမှုတွင် ရပ်ရွာလူထု ခေါင်းဆောင်မှ အထောက်အပံ့ ပေးသည်ကို သက်သေပြနိုင်သည်။

၂။ နောင်အနာဂတ်တွင် ပြုလုပ်ဆောင်ရွက်မည့် လှုပ်ရှားမှုများအတွက် စံသတ်မှတ်နိုင်မည့် လုပ်ငန်းဖြစ်စဉ်များ ဖန်တီးထားခြင်း ဖြစ်သည်။

၃။ လက်ရှိ အလှူရှင်များနှင့် အနာဂတ် အလှူရှင်များအား ပြသရန်အတွက် လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်မှုဆိုင်ရာ နည်းလမ်းကောင်းများအား မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

၄။ အကျိုးခံစားခွင့် ရရှိသူများ၊ ပြည်သူများ၊ အစိုးရ နှင့် အခြားအဖွဲ့အစည်းများအတွက် တာဝန်ခံယူမှု နှင့် ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ ဖြစ်သည်။

## Handout 5.3.1: Role Play Assignments
## ဝေငှစာရွက် (၅.၃.၁) - ဇာတ်ညွှန်းသရုပ်ဖော်မှု

1. Your organization is meeting with the Police Chief to get his support and permission for your organization to do a training on human rights and access to justice for members of the LGBT community.

သင်၏ အဖွဲ့အစည်းသည် LGBT community ၏ အဖွဲ့ဝင် မန်ဘာများအတွက် တရားမျှတမှု လက်လှမ်းမီရေး နှင့် လူ့အခွင့် အရေးဆိုင်ရာ သင်တန်းတစ ပြုလုပ်လိုပါသည်။ ထို့ကြောင့် ရဲမှူး၏အထောက်အပံ့ အကူအညီနှင့် ခွင့်ပြုမိန့်များ လိုအပ်သောကြောင့် ရဲမှူးနှင့် တွေ့ဆုံရမည်ဖြစ်သည်။

2. Your organization is planning to do a Candlelight March to raise awareness about rape. Participants will walk or march through town beginning at 10 PM with candles. You are expecting more than 500 women to participate in this march. Your organization is meeting with the Township Administrator to organize the march.

မုဒိမ်းမှုနှင့်ပတ်သက်၍ အသိပညာပေးမှု မြှင့်တင်ရန်အတွက် ဖယောင်းတိုင်မီးနှင့် လမ်းလျှောက်ချီတက်ခြင်း ပြုလုပ်ရန် သင်၏ အဖွဲ့အစည်းမှ စီစဉ်နေပါသည်။ ပါဝင်ချီတက်သူများသည် ဖယောင်းတိုင်များ ကိုင်ဆောင်၍ ည ၁၀ နာရီမှ စတင်လမ်းလျှောက် (သို့) ချီတက်ကြမည်။ ဤချီတက်ပွဲ၌ အမျိုးသမီးဦးရေ ၅၀၀ ကျော် တက်ရောက်မည်ဟု သင်တို့ မျှော်လင့်ထားသည်။ ထို့ကြောင့် ထိုချီတက်ပွဲကို စီစဉ်ရန်အတွက် သင့်အဖွဲ့အစည်းမှ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် တွေ့ဆုံ ရမည် ဖြစ်သည်။

3. Your organization wants to conduct education and awareness to school children age seven to twelve years on sexual abuse in the local primary school. Your organization has learned that one of the biggest problems for children is that they do not understand that the sexual acts being committed against them by adults are against the law. Your organization is meeting with the Deputy Minister of Education about implementing this program.

သင်၏ အဖွဲ့အစည်းသည် မူလတန်းကျောင်းတစ်ကျောင်း၌ ကျောင်းနေအရွယ် ကလေးများ (အသက် ၇ နှစ် မှ ၁၂ နှစ်အထိ) အား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအကြောင်း အသိပညာပေး ဟောပြောလိုသည်။ သို့သော် ကလေးများအတွက် အကြီးမား ဆုံး ပြဿနာတစ်ခုသည် အရွယ်ရောက်လူကြီးများက ၎င်းတို့အား လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်သည့် ကျူးလွန်မှုများ ပြုလုပ်ခဲ့ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟူသည်ကို နားမလည်ကြခြင်း ဖြစ်ကြောင်းသင့်အဖွဲ့အစည်းမှ လေ့လာသိရှိခဲ့သည်။ ထို့ကြောင့် သင့်အဖွဲ့အစည်းသည် ဤပရိုဂရမ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဒုတိယ ပညာရေးဝန်ကြီး နှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။

4. Your organization wants to conduct a community theater to raise awareness about domestic violence. You want people from many different religious groups to attend your community theater. You are meeting with a conservative religious leader about this event.

သင့်အဖွဲ့အစည်းသည် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးရန်အတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အား ပြုလုပ်လိုသည်။ ထို့ပြင် သင့်လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်သို့ ဘာသာပေါင်းစုံမှ လူများအား တက်ရောက် စေလိုသည်။ ထို့ကြောင့် သင်သည် ရှေးရိုးဆန်သော ဘာသာရေး ခေါင်းဆောင်နှင့် ထိုကိစ္စအား ဆွေးနွေးမည် ဖြစ်သည်။